


# အသေးစားငါး လုပ်ငန်းများ

(ဎင်းသည် စားနပ်ရိက္ခာဖူလုံရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် ရေရှည်တည်တံ့ခြင်း အတွက် ပါဝင်ထောက်ကူမှုပြုလျက်ရှိသည်)



# ရေလုပ်သားငယ်တွေနှင့် ရေလုပ်ငန်းတွင် လုပ်ကိုင်လျက်ရှိသော လုပ်သားတွေဆိုတာ ဘယ်သူတွေလဲ?

အသေးစား ရေလုပ်ငန်းသည် ကမ္ဘာပေါ်ရှိ ငါးဖမ်းဆီးခြင်း၊ ရေထွက်ပစ္စည်း ပြုပြင်မွမ်းမံခြင်း၊ ရေထွက်ပစ္စည်း ရောင်းဝယ် ဖောက်ကားခြင်း နှင့် ငါးလုပ်ငန်း ဈေးကွက် အတွင်း လုပ်ကိုင်သော ရေလုပ်သားများနှင့် ရေလုပ်ငန်းတွင် လုပ်ကိုင်သော လုပ်သား များ၏ ၉၀% ရာခိုင်နှုန်းကျော်ကို အလုပ်အကိုင် ဖန်တီးပေးထားသော လုပ်ငန်း ဖြစ်ပါသည်။ ၎င်းတို့အနက် ထက်ဝက်ခန့်မှာ အမျိုးသမီးများ ဖြစ်ကြသည်။ အသေးစား ရေလုပ်ငန်းသည် တစ်ကမ္ဘာလုံး၏ ငါးဖမ်းဆီးရမိမှု၏ တဝက်ခန့်သော ပမာဏကို ထည့်ဝင် ထောက်ကူမှုပြုလျက်ရှိသည်။ လူသားတို့၏တိုက်ရိုက်စားသုံးမှုကို ရည်ရွယ်၍ ဖမ်းဆီးသောငါးဖမ်းဆီးမှုကို လေ့လာကြည့်မည်ဆိုပါက အသေးစားငါးလုပ်ငန်း၏ ပါဝင်ထည့်ဝင်မှုသည် သုံးပုံနှစ်ပုံခန့်အထိပင် ရှိပေလိမ့်မည်။ အသေးစား ငါးဖမ်းခြင်းလုပ်ငန်းနှင့် ဆက်နွယ်နေသည့် လုပ်ငန်းများသည် ကမ်းရိုးတန်းဒေသများ၊ ကုန်းတွင်းရေကန်ဒေသများ၊ မြစ်ကမ်းခြေများနှင့် အခြား မြစ်ဘေး၊ ချောင်းဘေးဒေသများရှိ ဒေသခံများနှင့် ၎င်းတို့၏ ဒေသစီးပွားရေးအတွက် ထောက်ကူမှု ပြုလျက်ရှိပြီး ယင်းဒေသများရှိ အခြား စီးပွားရေး ကဏ္ဍများနှင့်လည်း ရှေ့နောက် ချိတ်ဆက်ကာ ၎င်းကဏ္ဍများ၏ အလုပ်အကိုင် အခွင့်အလမ်းနှင့် ဝင်ငွေရရှိမှုကိုပါ ထောက်ကူ လုပ်ဆောင်လျက်ရှိပါသည်။ များစွာသောဥပမာများတွင် ရေလုပ်ငန်းနှင့်ပတ်သတ်သော အလုပ်များသည် အချိန်ပိုင်းနှင့် ရာသီအလိုက် လုပ်ငန်းသဘောသဘာဝရှိပြီး၊ ဒေသခံများအတွက် စားနပ်ရိက္ခာနှင့်ဝင်ငွေ ထပ်ဆောင်း ရရှိနိုင်မှုကို ဖန်တီးပေးနေသော အရေးပါသော အရင်းအမြစ်တစ်ခုလည်း ဖြစ်ပါသည်။

ငါးဖမ်းလုပ်ငန်းသည် အများအားဖြင့် အမျိုးသားများနှင့် သက်ဆိုင်သော လုပ်ငန်းအဖြစ် ယေဘူယျအားဖြင့် ကောက်ယူကြသော်လည်း အမျိုးသမီးများသည်လည်း အရေးကြီးအခန်းကဏ္ဍ ပါဝင်ကြသည်။ တခါတရံတွင် ၎င်းတို့၏ပါဝင်မှုမှာ ထင်ရှားမှုမရှိပေ။ ၎င်းတို့သည် "ဖမ်းဆီးပြီးချိန်လွန် လုပ်ငန်းအခန်းကဏ္ဍ" ဟု ညွှန်းဆိုကြသည့် ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ ရေထွက်ပစ္စည်း ပြုပြင်မွမ်းမံခြင်းနှင့် ဈေးကွက်နှင့် ဆက်စပ်နေသည့် လုပ်ငန်းများတွင် ပါဝင်ကြပြီး ယင်း၏ ၉၀% ခန့်သော လုပ်သားအင်အားမှာ အမျိုးသမီးများ ဖြစ်ကြသည်။ ကမ္ဘာပေါ်ရှိ နေရာဒေသအတော်များများတွင် အမျိုးသမီးများသည် အခွံမာ ရေသတ္တဝါများနှင့် ပင်လယ်ရေညှို၊ ကျောက်ပွင့်များကို ကမ်းခြေများမှ စုဆောင်းခြင်းနှင့် ပြုပြင်မွမ်းမံခြင်း လုပ်ငန်းများကို လုပ်ကိုင်လေ့ ရှိကြပါသည်။ ငါးဖမ်းလုပ်ငန်း အထူးသဖြင့် ကုန်းတွင်းနှင့် ပင်လယ်ကမ်းနီး ငါးဖမ်းလုပ်ငန်းများတွင်မူ ၎င်းတို့၏ ပါဝင်လုပ်ကိုင်မှုကို အနည်းငယ်သာ တွေ့ရှိရပါသည်။ တချိန်တည်းမှာပင် အမျိုးသမီးများသည် ၎င်းတို့ မိသားစု၏ သက်ရှင် နေထိုင်ရပ်တည်ရေးနှင့် ၎င်းတို့နေထိုင်ရာ ဒေသရှိ လူ့အဖွဲ့အစည်း၏ လူမှုရေးနှင့် ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း အစဉ်အလာများကို ထိမ်းသိမ်းစောင့်ရှောက်ရေးအတွက်လည်း တာဝန်ယူ ဆောင်ရွက်ရပြန်ပါသည် အထူးသဖြင့် အမျိုးသားများ ပင်လယ်ပြင်သို့ငါးဖမ်းထွက်သွားသည့် အချိန်တွင် ဖြစ်သည်။ သို့သော်လည်း အမျိုးသမီးများသည်လုပ်ငန်းလုပ်ဆောင်မှုအတွက် နည်းပါးသော လုပ်ခလစာ (သို့) လုပ်ခလစာ မရရှိကြပေ။








ကမ္ဘာပေါ်ရှိ သန်းပေါင်းများစွာသော လူအများအတွက် အသေးစားငါးလုပ်ငန်းသည် လူမှုရေးနှင့် ယဉ်ကျေးမှုဓလေ့အရပါ ၎င်းတို့ နေထိုင်ရှင်သန်ရပ်တည်မှုအတွက် ဖြည့်တင်းပေးလျက်ရှိပါသည်။

# စိတ်ချလုံခြုံမှုရှိသော ရေရှည်တည်တံ့မှုအတွက် ဘုံတူညီသော စရိုက်လက္ခဏာများနှင့် ကွဲပြားခြားနားမှုများ

အသေးစားငါးလုပ်ငန်းတွင် ကွဲပြားခြားနားသော လုပ်ငန်းလုပ်ဆောင်မှုများ ပါဝင်မည်ဖြစ်ပြီး ယင်းမှာ ဒေသတစ်ခုနှင့် တစ်ခုကြားတွင်လည်း ကွဲလွဲမှုများစွာ ရှိမည် ဖြစ်သည်။ ၎င်းအချက်ကြောင့်ပင် အသေးစားရေလုပ်ငန်းအား ခြုံငုံမိသော အနက် အဓိပ္ပာယ်ဖွင့်ဆိုမှု ပြုလုပ်ရန် အလွန်ခက်ခဲစေပြီး ဘုံတူညီသော စရိုက်လက္ခဏာများ အပေါ်တွင် အခြေခံထားသော ယေဘူယျအလွန်ဆန်သည့်အဓိပ္ပါယ် ဖွင့်ဆိုချက်တခု အဖြစ်သာ ဖွင့်ဆိုထားပါသည်။ ဘုံတူညီသော စရိုက်လက္ခဏာများတွင် အောက်ပါအချက်များပါဝင်သည်-

- အများအားဖြင့် မိသားစုတစ်စုလုံး ဝိုင်းဝန်းလုပ်ကိုင်သည့် လုပ်ငန်းဖြင့် ရှင်သန် နေထိုင်ကြပြီး ယင်းတွင် အမျိုးသမီးများသည် အရေးပါသည့် အခန်းကဏ္ဍ မှပါဝင်ဆောင်ရွက်နေကြသည်။

- ဖမ်းဆီးရမိသော ငါးများသည် လူတို့ တိုက်ရိုက်စားသုံးရန်အတွက် ဖြစ်သည်။ တိရိစ္ဆာန် အစာ၊ ဆီ၊ ဓါတ်မြေသြဇာနှင့် အခြားအစားအစာ မဟုတ်အရာများတွင်အသုံးပြုရန် ရည်ရွယ်၍ လုပ်ဆောင်သော/ဖမ်းဆီးသော လုပ်ငန်းများသည် ယေဘူယျအားဖြင့် အသေးစားငါးလုပ်ငန်း အဖြစ် မသတ်မှတ်ပေ။

- သေးငယ်သော ငါးဖမ်းလှေ နှင့် အနည်းငယ်သော ငါးဖမ်းကိရိယာများကို အသုံးပြုသည်။ မိရိုးဖလာ ငါးဖမ်းနည်းနှင့် စက်ကိရိယာ တပ်ဆင်ထား ခြင်းမရှိသော ငါးဖမ်းကိရိယာများကို အသုံးပြုသည်။ ယင်းမှာ နည်းပါးသော အရင်းအနှီးကုန်ကျမှု၊ အနည်းငယ်သောစွမ်းအင်အသုံးပြုမှုနှင့် သဘာဝပတ်ဝန်းကျင်အပေါ် နည်းပါးသော ဆိုးကျိုးသက်ရောက်မှုကိုသာ ဖြစ်စေသည်။

- ငါးလုပ်ငန်း ဆောင်ရွက်မှုများသည် ရာသီအလိုက်နှင့် ပထဝီအနေအထားအလိုက် များစွာ ကွဲပြားလျှက်ရှိပြီး၊ နည်းပညာ အားကိုးလုပ်ဆောင်သော ငါးဖမ်းလုပ်ငန်းထက် ကျွမ်းကျင်မှု ပိုမိုလိုအပ်ပါသည်။ ၎င်းတို့သည် မျိုးဆက်အဆင့်ဆင့် လက်ဆင့်ကမ်းလာသော ဗဟုသုတနှင့် ကျွမ်းကျင်မှုများအပေါ်တွင် မှီခို၍ လုပ်ကိုင် စားသောက်ကြပြီး၊ ဒေသဆိုင်ရာ ဂေဟဗေဒနှစ်နှင့် မိုးလေဝသဆိုင်ရာ အသိပညာ စသည်တို့ကို ရေလုပ်သားများ၏ ငယ်ရွယ်စဉ်ဘဝတွင် စတင်လေ့လာ သင်ယူကြရပါသည်။

- ကမ်းနီးနေရာများတွင် ငါးဖမ်းခြင်းလုပ်ငန်းကို လုပ်ဆောင်လေ့ရှိပြီး၊ ငါးဖမ်းထွက်သည့် အချိန်ကာလမှာ တိုတောင်းလေ့ရှိသည် (၂၄ နာရီ ထက်နည်းသော အချိန်ကာလ ဖြစ်သည်)။ ခြွင်းချက်အနေဖြင့်မူ ပြည်တွင်းနယ် နမိတ်အထက် နိုင်ငံတကာ ငါးဖမ်းရေပြင်နှင့် အိမ်နီးခြင်း နိုင်ငံများ၏ ငါးဖမ်း ပင်လယ်ရေပြင်နယ်နမိတ်အထိ စွန့်စား သွားရောက်သည့် အခါမျိုးတွင်သာ ရက်အတော်အတန် ကြာမြင့် တတ်ပါသည်။

- လုပ်ခလစာမှာ ပုံသေသတ်မှတ်ထားသော လုပ်အားခ သဘောမျိုး မဟုတ်ပဲ ဖမ်းဆီးရမိသော ငါးများကို သဘောတူညီထားသည့်အတိုင်း ဝေပုံကျ ခွဲဝေခြင်း ဖြစ်သည်။

- လုပ်အားခများသည် သတ်မှတ်ထားသည့် လခထက် ငါးဖမ်းခြင်း အစုရှယ်ရာသဘော တူညီမှုအပေါ် အခြေခံပါသည်။ ထိုအစုရှယ်ယာစနစ်သည် ငါးမဖမ်းမီနှင့် ငါးဖမ်းပြီး လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်သောသူများအတွက်ပါ ပါဝင်ပြီး သက်ကြီး ရွယ်အိုများ၊ ကိုယ်လက်အင်္ဂါချို့တဲ့သူများ၊ မုဆိုးမများနှင့် မိဘမဲ့ကလေးများ အတွက်လည်း လူမှုအမိုးအကာ ပေးနိုင်မည့် အရေးကြီးသည့် ဓလေ့ထုံးတမ်း အစဉ်အလာကိုလည်း ထောက်ကူပေးလျက် ရှိပါသည်။

- ငါးဖမ်းကွက်များတွင် ငါးဖမ်းဆီးမှုကို ဓလေ့ထုံးတမ်းနှင့်အညီ စည်းမျဉ်းစည်းကမ်းများဖြင့် ထိန်းညှိလုပ်ကိုင်ကြသည်။ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ရန် မည်သည့်နေရာ၊ မည်သည့် အချိန်၊ မည်သည့် ငါးဖမ်းကိရိယာ အမျိုးအစားများဖြင့် လုပ်ကိုင်ရမည်ကို ထိုစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆုံးဖြတ်ခွင့်ပြု လုပ်ကိုင်စေသည်။

- ဖမ်းဆီးရမိသော ငါးများကို ဒေသတွင်း၌ ရောင်းဝယ်ခြင်း၊ ပြုပြင်စီမံခြင်းများ ပြုလုပ်ပြီး ကျေးလက်ဒေသမှ စားသုံးသူများ အပါအဝင် ဒေသခံစားသုံးသူများ ဖြန့်ဖြူးရောင်းချပေးခြင်းဖြင့် ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးအတွက် အရေးပါသော အခန်းကဏ္ဍမှ ထောက်ကူပေးလျက် ရှိသည်။ သို့သော်လည်း အသေးစားရေလုပ်ငန်းမှ ရရှိသော ရေထွက်ပစ္စည်းများသည် အခြား ဝေးကွာသော နေရာများနှင့် နိုင်ငံခြားဈေးကွက်သို့ပါ စားသုံးသူများ၏ လိုလားချက်အရ ပို့ဆောင်ပေးနေရပါသည်။ ယင်းမှာ အသေးစား ရေလုပ်ငန်းမှ ထွက်ရှိသော ရေထွက်ပစ္စည်းများ၏ လတ်ဆတ်မှုနှင့် အရည်အသွေးကြောင့်ပင် ဖြစ်သည်။

- အမျိုးသမီးများသည် ငါးမဖမ်းမီနှင့် ငါးဖမ်းပြီး လုပ်ငန်းများတွင် မပါမဖြစ် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ကြသည်။ အထူးသဖြင့်ဈေးကွက်ရှာဖွေခြင်းနှင့် ပြုပြင်မွမ်းမံခြင်း ကိစ္စများတွင် ဖြစ်သည်။

- ငွေကြေးအရင်းအနှီးအတွက် ကြားခံပွဲစားများတွင် မှီခိုရလေ့ရှိပြီး ၎င်းပွဲစားများမှ ရေလုပ်ငန်းနှင့် မိသားစုတွင် လိုအပ်သော အရာများအတွက် အသုံးပြုရန် ချေးငွေထုတ်ပေးလေ့ ရှိပါသည်။ ထိုသို့ မှီခိုနေရမှုကိုအခွင့်ကောင်းယူ၍ ၎င်းပွဲစားများသည် ရေလုပ်သားငယ်များထံမှ ခေါင်းပုံဖြတ်လေ့ရှိပါသည်။ ဖမ်းဆီးရမိသောငါးများကို ၎င်းတို့ထံ အားလုံးရောင်းချစေ၍ နည်းပါးသော နှုန်းထားဖြင့် ငွေကြေးပေးချေလေ့ရှိပါသည်။ ထိုသို့ မှီခိုနေရမှုသည် ယခုကာလတွင် ပိုမိုများပြား လာသည်ကို တွေ့ရသည်၊ ယင်းမှာ ငါးဖမ်းကိရိယာများ ပိုမိုတပ်ဆင်ရန်၊ ပိုမိုကြီးမားသော ငါးဖမ်းလှေ တည်ဆောက်ရန်နှင့် စက်အင်ဂျင်များ တက်ဆင်ရန်အတွက် ဖြစ်သည်။

- ငါးလုပ်ငန်းများ (ငါးဖမ်းခြင်း၊ ပြုပြင်မွမ်းမံခြင်းနှင့် ဈေးကွက်ရှာဖွေခြင်း) များသည် အချိန်ပိုင်းနှင့် ရာသီအလိုက် လုပ်ကိုင်ကြသော လုပ်ငန်းများ ဖြစ်ပြီး၊ စိုက်ပျိုးရေး လုပ်ငန်းများ၊ ရောင်းဝယ်မှုလုပ်ငန်းများ စသည့်အခြား အလုပ်အကိုင်များနှင့် ပေါင်းစပ် လုပ်ကိုင်ကြသည်။

- လူ့အဖွဲ့အစည်းအတွင်းရှိ အခြားလူအုပ်စုများနှင့် နှိုင်းယှဉ်ပါက ရေလုပ်ငန်း လုပ်ကိုင်သူများသည် ယေျဘူယျအားဖြင့် လူမှုရေးဆိုင်ရာ အခန်းကဏ္ဍ ကျဉ်းမြောင်းခြင်း၊ စီးပွားရေးအရနိမ့်ကျခြင်းနှင့် ရေလုပ်ငန်းသယံဇာတများနှင့် ရေလုပ်ငန်းနှင့် ဆက်နွယ်နေသည့် လုပ်ငန်းများအပေါ်တွင် ကြီးမားသည့် မှီခိုမှု ရှိနေသည်ကို တွေ့ရသည်။

- ရေလုပ်ငန်းလုပ်ကိုင်သည့်သူများသည် ဝေးလံခေါင်းပါးသည့်၊ သီးသန့်ဖြစ်သည့် နေရာများတွင် နေထိုင်ကြပြီး ချို့တဲ့သော အခြေခံ အဆောက်အအုံနှင့် ၊ ဝန်ဆောင်မှုများ၊ တခါတရံတွင် အလွန်အကျွံ မြင့်မားသော ဆင်းရဲနွမ်းပါးမှုဖြင့်သာ နေထိုင် ရပ်တည်လျက် ရှိပါသည်။



အသေးစားရေလုပ်ငန်းသည် စားနပ်ရိက္ခာဖူလုံရေးနှင့် ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေးဆိုသည့် အပြန်အလှန်ဆပ်နွယ်နေသည့် ရည်မှန်းချက်ပန်းတိုင် နှစ်ခု အောင်မြင်နိုင်ရေးအတွက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသောကြောင့်ဖြစ်သည်။ ၎င်းရည်မှန်းချက်ပန်းတိုင်များ အောင်မြင်ရေးအတွက် ၎င်းတို့၏ ပါဝင်ထောက်ကူမှုသည် အကြီးစားရေလုပ်ငန်း၊ တစ်စိတ်တစ်ပိုင်းအားဖြင့် ခေတ်မီစက် ကိရိယာများကို အသုံးပြုထားသော ကုန်ထုတ်ရေလုပ်ငန်းနှင့် စက်မှု ကုန်ထုတ်ရေလုပ်ငန်းတို့မှ ပါဝင်ထောက်ကူမှုထက် များစွာသာလွန်သည် ဖြစ်သည်။ အဘယ်ကြောင့် အသေးစား ရေလုပ်ငန်းသည် အရေးပါသော အခန်း ကဏ္ဍတွင် ရှိနေသည်ကို ရှင်းလင်းပြောပြနိုင်သည့် အကြောင်းအရာများရှိပါသည်။ ၎င်းတို့မှာ-



## စားနပ်ရိပ်ကၡာဖူလုံရေး


ငါးသည် လူသားများအတွက် လိုအပ်သော အသားဓါတ်နှင့် အခြား အစာအဟာရဓါတ်များကို ဖြည့်တင်းပေးနေသော အစားမထိုးနိုင်သော အရင်းမြစ်တစ်ခု ဖြစ်ပါသည်။ ၎င်းသည် လူသန်းပေါင်း ၃၀၀၀(အနည်းဆုံး ကမ္ဘာ့လူဦးရေ၏ ၄၃%ခန့်) တို့အတွက်ပါဝင်သော တိရိစ္ဆာန်များမှရသော အသားဓါတ်ကို လူသန်းပေါင်း အနည်းဆုံး (၂၀%)ခန့်အား ပံ့ပိုးပေးလျှက်ရှိသည်။ ယေဘူယျအားဖြင့် သာမန်အစားအစာများတွင် မတွေ့နိုင်သော ဗီတာမင်၊ သတ္တုဓါတ်နှင့် သွေးထဲတွင် ကလက်စထရော ဖြစ်ပေါ်မှုကို အားမပေးသည့် အိုမီဂါ(၃) အက်စစ်အဆီ စသည်တို့ကို ပေးစွမ်းနိုင်သော မရှိမဖြစ်လိုအပ်သည့် အဟာရဓါတ် အရင်းအမြစ် ဖြစ်ပါသည်။ ဝေလံခေါင်းပါးပြီး တစ်သီးတစ်ခြားဖြစ်သော နေရာများတွင် နေထိုင်ကြသည့် ရေလုပ်သားများအတွက် ဒေသတွင်း အသေးစားရေလုပ်ငန်းများမှ ထုတ်လုပ်မှုသည် မရှိမဖြစ် အရေးကြီးဆုံးနှင့် ၎င်းတို့ လက်လှမ်း မှီနိုင်သော အစားအစာရင်းမြစ် ဖြစ်ပါသည်။ ၎င်းအသေးစားရေလုပ်ငန်းများမှ ရရှိသောငါးသည် ကလေးငယ်များနှင့် နို့တိုက်မိခင်များအတွက် မရှိမဖြစ်လိုအပ်သည့် အဟာဓါတ်များကို ပံ့ပိုးပေးလျက် ရှိပါသည်။

## ဒေသခံစီးပွားရေးဖွံ့ဖြိုးမှုရန်ပံ့ပိုးမှု

အသေးစားငါးလုပ်ငန်းသည် အခြားဝင်ငွေရလုပ်ငန်းများ နည်းပါးသည့် ဒေသများတွင် ဒေသခံများ၏ အလုပ်အကိုင်ရရှိမှုအတွက် တိုက်ရိုက်အားဖြင့် သော်လည်းကောင်း၊ သွယ်ဝိုက်သော နည်းဖြင့်သော်လည်းကောင်း ပံ့ပိုးထောက်ကူမှု ပြုလျှက်ရှိသည်။ ငါးဖမ်း လုပ်ငန်းသည် နောက်ဆက်တွဲလုပ်ငန်းများဖြစ်သော ရေထွက်ပစ္စည်း ပြုပြင်မွမ်းမံခြင်း၊ ရောင်းဝယ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် ဈေးကွက်ရှာဖွေခြင်းလုပ်ငန်းများတွင် အလုပ်အကိုင်များဖန်တီးပေးပြီး အခြားအချိန်များတွင် ငါးဖမ်းကိရိယာပြုလုပ်ခြင်း၊ ပြင်ဆင်ခြင်း ငါးဖမ်းလှေ (သို့) သင်္ဘောများ တည်ဆောက်ခြင်း၊စက်ပစ္စည်းများ၊အထောက်အပံ့ပစ္စည်းပြင်ဆင်ခြင်းလုပ်ငန်းများအတွက် အလုပ်အကိုင်များကို ဖန်တီးပေးလျက် ရှိပါသည်။မည်သည့် အသေးစား ငါးဖမ်းလုပ်ငန်းတွင်မဆို နောက်ဆက်တွဲအဖြစ် လုပ်ငန်း(၄) ခုမှ (၆) ခုအထိ ဖန်တီးပေးနေသည့်ကို တွေ့ရပါသည်။ အသေးစားရေလုပ်ငန်းများသည် စက်မှုဆိုင်ရာရေလုပ်ငန်းများနှင့် နှိုင်းယှဉ်လျှင် ရေသယံ ဇာတအရင်းအမြစ်များမှ ရရှိသော အကျိုးအမြတ်များကို ပိုမိုမျှတစွာ ခွဲဝေနေမှုကို တွေ့ရမည် ဖြစ်သည်။ များစွာသော အခြေအနေများတွင် အသေးစားရေလုပ်ငန်းသည် အခြားသော သက်မွေးမှုလုပ်ငန်းများ ရပ်တန့်/ ကျဆင်းနေသည့်အချိန်တွင် အားထားရမည့် လုပ်ငန်းတခုကို ပံ့ပိုးပေးခြင်းဖြင့် လူမှုရေးနှင့် စီးပွားရေး လုံခြုံမှုရှိစေရန် အရေးကြီးသည့် အခန်းကဏ္ဍမှ ထောက်ကူပေးလျှက် ရှိပါသည်။ အထူးသဖြင့် ငတ်မွတ်ခြင်း၊ မိုးခေါင်ခြင်း၊စစ်ဘေးရန်းနှင့် အခြား သဘာဝနှင့် လူကြောင့် ဖြစ်သောဘေးအန္တရာယ်များ ခံစားနေရသည့်နေရာ၊ ဒေသများတွင် ဖြစ်သည်။

## နိုင်ငံခြားဝင်ငွေရရှိမှု

အသေးစားငါးလုပ်ငန်းသည် နိုင်ငံတကာဆိုင်ရာကုန်သွယ်မှုမှ နိုင်ငံခြားဝင်ငွေ ရှာဖွေပေးခြင်းဖြင့် နိုင်ငံ၏ စီးပွားရေးအတွက် အရေးပါသော အခန်းကဏ္ဍဖြင့် ပါဝင်ထောက်ကူမှု ပြုလျက်ရှိပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများရှိ စားသုံးသူများအနေဖြင့် သဘာဝ ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိသော နည်းလမ်းများဖြင့် ဖမ်းဆီးရမိသော ငါးပုဇွန်များကို စားသုံးရန် ပိုမိုလိုလားလာမှုသည်လည်း အသေးစားရေလုပ်ငန်းများ အတွက် အရေးကြီးသည့် စီးပွားရေးအခွင့်အလမ်းတခုကို ပံ့ပိုးပေးလျှက်ရှိသည်။ သို့သော်လည်း အစားအစာ သန့်ရှင်းမှုနှင့် ပတ်သတ်သော အဆင့်အတန်းသတ်မှတ်ချက်များ ပိုမိုများပြားလာမှုနှင့် ထုတ်လုပ်မှုအဆင့်ဆင့်အတွက် မှတ်တမ်းထားရှိမှု စသည့် တင်းကြပ်သော စည်းမျဉ်း၊ စည်းကမ်းများသည် အသေးစား ရေလုပ်ငန်းများအတွက် အခက်အခဲ၊ အဟန့်အတားများကို ဖြစ်ပေါ်စေပါသည်။ ထို့အပြင် နိုင်ငံခြားဈေးကွက်သို့ တင်ပို့ရောင်းချမှုနှင့် ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေး လိုအပ်ချက်များသည် ရေရှည်တွင် အငြင်းပွားဖွယ်များ ဖြစ်ပေါ်နိုင်သည့် အလားအလာလည်း ရှိပါသည်။



### အခြေခံ အသိပညာ

အသေးစားရေလုပ်ငန်းလုပ်ကိုင်သူများတွင် ၎င်းတို့ဒေသရှိ ဂေဟစနစ်၊ ငါးများ ရှင်သန်ကျက်စားမှုပုံစံ၊ ရာသီဥတု နှင့် အဏ္ဏဝါဗေဒ စသည်တို့နှင့်သက်ဆိုင်သော မျိုးဆက်တစ်ခုပြီးတစ်ခု လက်ဆင့်ကမ်းလာသော အခြေခံအသိပညာများ ရှိကြသည်။ ထိုအသိပညာများကို ရှေးလူကြီးများ၏ အဆိုအမိန့်များ၊ ဆိုရိုးစကားများနှင့် သီချင်းများတွင် တွေ့ရှိရနိုင်ပြီး တခါတရံ ၎င်းတို့၏ရိုးရာထုံးတမ်းဓလေ့ပွဲများကျင်းပသည့် အချိန်တွင် ရွတ်ဆိုသည့်အခါများတွင်လည်း ပါရှိတတ်ပါသည်။ ထိုအသိပညာများကို ဖောင်များ၊ ငါးဖမ်းကိရိယာများ တီထွင်ဆန်းသစ်ပြုလုပ်ရာတွင် ထင်ဟပ်ပေါ်လွင်စေပြီး အထူးသဖြင့် ဆိုင်ကလုံးမုန်တိုင်း၊ လှိုင်းကြမ်းများ ရိုက်ခတ်မှုနှင့် ဆူနာမီစသည့် သဘာဝဘေး အန္တရာယ်များနှင့် ကြုံတွေ့ရသည့်အချိန်တွင် အသက်အန္တရာယ်ဆုံးရှုံးမှု၊ မတော်တဆ ထိခိုက်မှုများကို လျော့နည်းစေနိုင်ခဲ့ခြင်းဖြင့် ယင်းတို့၏ တန်ဖိုးကြီး အရေးပါမှုကို သက်သေပြလျက်ရှိပါသည်။

# အသေးစားရေလုပ်ငန်းများသည် အဘယ့်ကြောင့် အရေးကြီးပါလဲ?

## ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများ၏ အရေးပါမှု

ငါးဖမ်းခြင်းနှင့် ပင်လယ်ရေကြောင်းသွားလာမှုသည် စွန့်စားမှုနှင့်လွတ်လပ်မှုတို့ကို ပေးစွမ်းသော အသက်ရှင်နေထိုင်မှုဖြစ်ပြီး ယဉ်ကျေးမှု၊ စာပေ၊ ဂီတ၊ စသည့် အရေးကြီးသည့်လူနေမှုဘဝပုံစံများဖြင့် ဖွဲ့စည်းထားပါသည်။ ထိုအမွေအနှစ်များကို ရေလုပ်သားငယ်များ နေထိုင်သည့်အစုအဝေးများတွင် ခိုင်မာစွာ ထိန်းသိမ်းစောင့်ရှောက်ထားပြီး ၎င်းတို့၏ အမှတ်အသားသရုပ်နှင့် ၎င်းတို့၏ စည်းလုံးညီညွတ်မှုအတွက် အရေးပါသော အစိတ်အပိုင်းများ ဖြစ်ကြသည်။ ရေလုပ်ငန်း ဓလေ့ထုံးတမ်းများနှင့် ၎င်းနှင့်ဆက်နွယ်နေသည့် လူမှုရေးနှင့်ဆိုင်ရာ ဖွဲ့စည်းပုံများသည် ရေလုပ်ငန်းဂေဟဗေဒစနစ်နှင့် ဇီဝပေဒကွဲပြားမှုများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းအတွက် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်လျှက်ရှိပါသည်။

ဒေသခံများနှင့် ဒေသခံငါးလုပ်ငန်းလုပ်ကိုင်သူများ၏ ရိုးရာဓလေ့ထုံးတမ်းနှင့် ယုံကြည်မှုများတွင် မြေကြီးနှင့် ပင်လယ်သည် အချင်းချင်း ဆက်နွယ်လျက်ရှိသော၊ ခွဲခြား၍မရသော အရာများအဖြစ် ခံယူထားသည်ကို တွေ့ရပြီး ယင်းမှာ ရေလုပ်ငန်းတွင် ဂေဟစနစ်အခြေခံ ချဉ်းကပ်မှုကို အကောင်အထည်ဖော်ရန်အတွက် အထောက်အကူ ပြုနိုင်မည်ဖြစ်ပါသည်။ ထိုဒေသခံ ငါးလုပ်ငန်းလုပ်ကိုင်သူများအတွက် ရေပြင်နှင့် မြေပြင်ကို ထိန်းသိမ်း ကာကွယ်ခြင်းသည် ၎င်းတို့၏ ရိုးရာဓလေ့ထုံးတမ်း အသိပညာ နည်းစနစ်များ၊ ရိုးရာဓလေ့ ထုံးတမ်းဥပဒေများနှင့် ၎င်းတို့၏ ယဉ်ကျေးမှုအမှတ်အသား သရုပ်များကို မြှင့်တင်ခြင်းနှင့် ဆက်နွယ်လျက်ရှိနေပါသည်။



# အသေးစားရေလုပ်ငန်းများ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများက ဘာတွေလဲ?

အသေးစားရေလုပ်ငန်းများတွင် သက်ရှင်နေထိုင်ရေးနှင့် လုပ်ငန်းခွင် အခြေအနေမှာ မသေချာ၊ မရေရာမှုများနှင့်သာ ဖြစ်သည် ။ အကြောင်းမှာ

- ရေလုပ်သားတွင် လုပ်ကိုင်သောလုပ်သားများ၏ လူမှုစီးပွား အခြေအနေမှာ အနိမ့်ဆုံး အဆင့်တွင်ရှိပြီး အခြားသူများ၏ ခေါင်းပုံဖြတ်မှုကို ခံရလေ့ရှိသည်။

- လုပ်သားများအတွက် လုပ်ခလစာ လုံလောက်မှုမရှိခြင်း၊ ဈေးကွက်လက်လှမ်း မမှီခြင်း၊ ငွေချေးသူများ၏ အမြတ်ထုတ်မှု ခံနေရခြင်း၊ မမျှတသော ဈေးနှုန်းဖြင့် ဖမ်းယူရရှိလာသောငါးများဖြင့် အကြွေးအတွက် ပြန်လည်ပေးဆပ်ရခြင်း၊ အကြွေး သံသရာမှ မလွတ်မြောက်နိုင်ခြင်း

- ပညာရေး၊ ကျန်းမာရေးစသည့် အခြေခံ ပြည်သူ့ရေးရာ ဝန်ဆောင်မှုများကို လက်လှမ်းမမှီခြင်းနှင့် လူမှုရေးရေးရာ လုံခြုံမှု မရရှိနိုင်ခြင်း၊ အစုအဖွဲ့အနေဖြင့် စုပေါင်း လုပ်ဆောင်မှု အားနည်းခြင်း (ဥပမာ-သမဝါယမအဖွဲ့များ၊ အသင်းအဖွဲ့များနှင့် သမဂ္ဂများ မရှိခြင်း)

- နေအိမ်၊ အလုပ်အကိုင်၊ အခွင့်အလမ်းနှင့် အခြားရည်ရွယ်ချက်များအတွက် ‵ ရေလုပ်ငန်း လုပ်ကိုင်သော လူ့အဖွဲ့အစည်း′ များက ဓလေ့ထုံးတမ်းစဉ်လာအရ ရရှိလာခဲ့သော မြေယာရပိုင်ခွင့်များ ဆုံးရှုံးခြင်း (သို့မဟုတ်) လုံခြုံမှုမရှိသော မြေယာပိုင်ဆိုင်ခွင့် သက်တမ်းရရှိခြင်း၊

- စီးပွားဖြစ် လုပ်ကိုင်သော ငါးဖမ်းသင်္ဘောအုပ်များ၏ ယှဉ်ပြိုင်မှုများနှင့် အခြား လုပ်ဆောင်ချက်များ (အိမ်ခြံမြေလုပ်ငန်း၊ ငါးမွေးမြူရေးလုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ လျှပ်စစ်ဓါတ်အားပေးလုပ်ငန်း၊ ရေနံ တူးဖော်ခြင်းလုပ်ငန်းနှင့် သတ္တု တူးဖော်ခြင်းလုပ်ငန်း) ကြောင့် ရေလုပ်သားများသည် ငါးဖမ်းကွက်များ၊ ငါးဖမ်းရေပြင်များရှိသည့် နေရာများမှ အတင်းအဓမ္မ စွန့်ခွာခိုင်းခြင်းခံရပြီး ကုန်းတွင်း၊ ကမ်းရိုးတန်းနှင့် ပင်လယ်ပြင်ဒေသများရှိ ရေသယံဇာတအရင်းအမြစ်များတွင် ငါးဖမ်း လုပ်ပိုင်ခွင့်များ ဆုံးရှုံးသွားခြင်း (သို့) အာမခံချက် ကင်းမဲ့သော အခွင့်အရေးများသာ ရနိုင်တော့ခြင်း၊ ယခုနောက်ပိုင်း ဖြစ်ပေါ်လာသော “ငါးဖမ်းခွင့်” ကို အရောင်းအဝယ်လုပ် ဈေးကစားခြင်းနှင့် ငါးရှာဖွေခွင့်များအား ပုဂ္ဂလိက ပိုင်ပြုလုပ်ခြင်းနှင့် အထက်ဖော်ပြပါ အလားတူ အကျိုးဆက်များ ရှိနေခြင်းတို့ဖြစ်သည်။ ယင်းကဲ့သို့သော ‵ အရင်းအမြစ်များ လက်ဂါးကြီးအုပ် အပိုင်သိမ်းခြင်း′ များသည် လယ်သမားများအပေါ် သက်ရောက်မှုရှိနေသော ‵မြေယာသိမ်းပိုက်ခြင်း′ များနှင့်လည်း အလားသဏ္ဍာန် တူနေသည်။


- အသေးစားရေလုပ်ငန်းများကို ချန်လှပ်ထားပြီး အဏ္ဍာဂါဉယျာဉ်များနှင့် ကာကွယ်တောများ တည်ထောင်သည့် အထက်အောက် ကနဦးထိန်းသိမ်းခြင်း ဆောင်ရွက်ချက်များ

- ရေသတ္တဂါများ သဘာဂအလျောက် နေထိုင်ကျက်စားရာ ဒေသများ အဆင့်နိမ့်လာခြင်း၊ ညစ်ညမ်းလာခြင်း၊ သဘာဂဘေးအန္တရာယ်နှင့် ရာသီဉတု ပြောင်းလဲမှုကြောင့် (ထိုဒေသများတွင်) ထိခိုက်လွယ်မှု မြင့်မားလာခြင်း။


# အသေးစားရေလုပ်ငန်းများ ရေရှည်တည်တံ့ ခိုင်မြဲနိုင်ပါသလား?

ယေဘူယျအားဖြင့် အသေးစား ရေလုပ်ငန်းများသည် စီးပွားဖြစ် ရေလုပ်ငန်းများထက်ပို၍ ရေရှည် တည်မြဲနိုင်သည်။ အသေးစား ရေလုပ်ငန်းများသည် ပတ်ဂန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှု ပိုနည်းခြင်း၊ စွမ်းအင် အသုံးပြုမှု လျော့နည်းခြင်း၊ အသုံးပြုသည့် ငါးဖမ်းကိရိယာများ ရွေးချယ်ရခြင်း၊ ငါးဖမ်းဆီးမှု ပိုနည်းခြင်းစသည့် အချက်များရှိသည်။ သို့သော် အသေးစား ရေလုပ်ငန်းများတွင် စိုးရိမ်ပူပန်မှု ဖြစ်စေမည့် အချက်များစွာ ရှိသေးသည်။ ၎င်းတို့မှာ -

- ပျက်ဆီးဆုံးရှုံးမှုဖြစ်စေသော ငါးဖမ်းဆီးသည့် အလေ့အထများရှိခြင်း၊ အဆိပ် အတောက်များ အသုံးပြုခြင်း၊ ဒိုင်းနမိုက်များဖေါက်ခွဲ၍ ငါးဖမ်းခြင်းနှင့် ကွက်စိပ် ငါးဖမ်းပိုက်များဖြင့် ငါးဖမ်းခြင်း



- စွမ်းအင်အသုံးပြုမှုမြင့်မားသည့် စွမ်းဆောင်ရည်မြင့် ငါးဖမ်းကိရိယာများနှင့် နည်းပညာများကို ပိုမို၍ အသုံးပြုလာခြင်းကြောင့် အသေးစား ရေလုပ်ငန်းနှင့် စီးပွားဖြစ် ရေလုပ်ငန်းအကြား ခွဲခြားရခက်ခဲလာခြင်း (ဉပမာအားဖြင့် ပိုက်စိပ်တိုက်၍ ငါးဖမ်းခြင်းနှင့် ကျားပိုက်စိပ်များ အသုံးပြုလာခြင်း)




အသေးစား ရေလုပ်ငန်းကဏ္ဍခွဲငယ် အတွင်းရှိနေသည့် ယင်းကဲ့သို့သော စိန်ခေါ်မှုများ ဖြေရှင်းနိုင်မည့် နည်းလမ်းတစ်ခု အပူတပြင်း ရှာဖွေရန် လိုအပ်နေသည်။ ယင်းစိန်ခေါ်မှုများကို လျစ်လျူရှုထားမည် ဆိုလျှင် အကျိုးဆက်အားဖြင့် အသေးစားရေလုပ်ငန်းသည် ၎င်း၏ အားသာချက်များဖြစ်သည့် စားနပ်ရိက္ခာဖူလုံမှု၊ ဆင်းရဲမွဲတေမှု လျော့ချရေးနှင့် ရေလုပ်ငန်းရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် အကျိုးပြုပံ့ပိုးနိုင်မှုတို့ကို ဆုံးရှုံးပေလိမ့်မည်။ အသေးစားရေလုပ်ငန်း ကဏ္ဍခွဲငယ်တွင် ရှိနေသော အတွင်း၊ အပြင် စိန်ခေါ်မှုများကို ထိရောက်စွာ ဖြေရှင်းပေးနိုင်လျှင် ရည်ရွယ်ချက်မျိုးစုံကို ဆောင်ကြဉ်းပေးနိုင်မည့် ရေရှည်တည်တံ့ခိုင်မြဲမှု အရှိဆုံး ရေလုပ်ငန်းမော်ဒယ် (ပုံစံ) ကို အသေးစားရေလုပ်ငန်းက ယူဆောင်လာမည်မှာ သံသယရှိစရာ မလိုပေ။

ဤအခြေအနေတွင် " အသေးစား ရေလုပ်ငန်း ရေရှည်တည်တံ့ခိုင်မြဲမှု ရှိစေရေးအတွက် နိုင်ငံတကာ လမ်းညွှန်ချက်များ" ပြုစုရာ၌ FAO ဦးဆောင်ပြုလုပ်ခဲ့သော လုပ်ငန်းစဉ်က ဆီလျော်မှု ရှိပေလိမ့်မည်။ ထို Guideline များသည် လူ့အခွင့်အရေး ရှုထောင့်မှ ချဉ်းကပ်နည်းများကို အသုံးပြုထားပြီး အသေးစားရေလုပ်ငန်းကဏ္ဍ ရင်ဆိုင် ကြုံတွေ့နေရသော စိန်ခေါ်မှုများကိုဖြေရှင်းရန်၊ မူလကပင် ရှိနေသော အသေးစား ရေလုပ်ငန်း၏ အရေးပါမှုကို မြှင့်တင်ရန်နှင့် ဆင်းရဲမွဲတေမှုနှင့်ငတ်မွတ်မှု ပပျောက်ရေး အတွက် တိုင်းပြည်အသီးသီးနှင့် ကမ္ဘာကြီး၏ အားထုတ်မှုတွင် အသေးစားရေလုပ်ငန်း၏ အကျိုးပြုပံ့ပိုးမှုကို တိုးမြှင့်ရန် ရည်ရွယ်သည်။ ထို Guideline များကို လက်ခံ၍ အကောင်အထည်ဖေါ် ကျင့်သုံးခြင်းသည် အထူးသဖြင့် အသေးစားရေလုပ်ငန်း၏ အနာဂတ်ကို ကောင်းစွာလုံခြုံမှု ပေးနိုင်ပြီး ရေရှည် တည်တံ့ခိုင်မြဲသောရေလုပ်ငန်းကို အထောက်အကူ ပြုပေလိမ့်မည်။



